# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၉၄)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် ၊ ၂၇-၉-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် Roscosmos ရုံးချုပ်၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၆**

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၇ ရက်၊ စနေနေ့။

မန္တလေး

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်ပြီး အဆွေတော် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ချိန်များတွင် နှစ်နိုင်ငံအကြား သဘောတူညီချက်များစွာကိုလည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား ရရှိထားသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်သံတမန်ဆက်ဆံရေးသည်လည်း ခိုင်မြဲသောချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထားပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် ရုရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ မကြာမီကာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပပြီးစီးပါက ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့ များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉လမ်းနှင့် ၁၄၀လမ်းထောင့် တို့တွင်လည်းကောင်း ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တို့ပူးပေါင်း၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ ဦးတင်လတ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနများမှ တိုင်းဦးစီးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းဆင်းအဖွင့် အမှာစကား ပြောကြားရာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ ထွန်းကားလာပြီး ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြို့ပြနှင့် ကျေးလက်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများကို သင်ကြားပို့ချပေးခြင်းဖြစ်ပါကြောင်း၊ သင်တန်းက သင်ကြားပို့ချပေးလိုက်သည့် နည်းပညာရပ်များကို အကျိုးရှိရှိအသုံးချပြီး ကိုယ်ပိုင်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည်အထိ ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းထူထောင်ရာတွင် အထောက်အပံ့ဖြစ်သည့် Toolbox တစ်စုံစီကိုလည်း ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းများဖြစ်မြောက်အောင်မြင်သည်အထိ ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (MRCCI) ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသားအား Toolbox တစ်စုံစီ၊ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ချီးမြှင့်ပေးပြီးနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာနှင့် သက်ဆိုင်သည့် ပညာတော်သင် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Roscosmos ရုံးချုပ်အဆောက်အအုံသစ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Rosco-smos" ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် Roscosmos ရုံးချုပ် အဆောက်အအုံအတွင်း၌ Roscosmos မှ အာကာသအတွင်းသို့ လွှတ်တင်ထားသည့် ဂြိုဟ်တုပုံစံတူ ပြုလုပ်ပြသထားရှိမှုနှင့် ဂြိုဟ်တုပတ်လမ်းအတွင်း လွှတ်တင်ထားသည့် ဂြိုဟ်တုများနှင့် တိုက်ရိုက်ချိတ်ဆက်ထားရှိမှု ထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး "Rosco-smos" ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Roscosmos ရုံးချုပ်အဆောက်အအုံအတွင်း ကြည့်ရှုလေ့လာစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Ro-scosmos" ညွှန်ကြားရေးမှူးချုပ်တို့သည် အစည်းအဝေးခန်းမအတွင်း၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသ နည်းပညာဆိုင်ရာ လူသား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသ နည်းပညာနှင့် သက်ဆိုင်သည့် ပညာတော်သင် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုး**

တွေ့ဆုံ ဆွေးနွေးမှုအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် မြန်မာအာကာသအေဂျင်စီ အမှုဆောင်ချုပ် ဒေါက်တာ စိုးမြင့်မောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် မြန်မာအာကာသအေဂျင်စီ အမှုဆောင်ချုပ် ဒေါက်တာ စိုးမြင့်မောင်တို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြစဉ်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာအာကာသအေဂျင်စီ အမှုဆောင်ချုပ် တို့သည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တွေ့ဆုံဆွေးနွေး

## အမျိုးသားအဆင့် နျူကလီးယား အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့်တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် Radission Collection ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး (ROSATOM) ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr . Nikolay SPASSKIY နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေး

တွေ့ဆုံဆွေးနွေးရာတွင်"ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum)" ကျင်းပပြုလုပ်မှုအပေါ် သုံးသပ်မှုအမြင်များ၊ မြန်မာနိုင်ငံနှင့် ROSATOM တို့အကြား နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အမျိုးသားအဆင့် နျူကလီးယား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နျူကလီးယား စွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံ ဆွေးနွေးမှုအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM)တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းတို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ရှေ့မှောက်၌ အသီးသီး လက်မှတ်ရေးထိုးကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr.Alexey Likhachev နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)၏ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

# ဆင်အကအလှပြိုင်ပွဲနှင့် ဆင်လှူပွဲတော် ကျင်းပနိုင်ရေး (ဒုတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့်ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ယာယီ)အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဆင်အကအလှပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဦးထိုက်ထိုက်ဇော်က ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များအတိုင်း သီတင်းကျွတ်လဆန်း ၁၄ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုကြေးငွေများကိုလည်း ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆင်အကအလှပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်ရာ၌ အခက်အခဲများရှိပါက ဆွေးနွေးတင်ပြကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် ပြိုင်ပွဲဝင်ဆင်အဖွဲ့များက လိုအပ် သည်များ တင်ပြကြရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယခုနှစ် ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင် သုံးစီး၊ ရိုးရာဆင်ငါးစီး၊ ကလေးဆင် လေးစီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင် နှစ်စီး၊ စုစုပေါင်းဆင် ၁၄ စီး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့်ဆင်ပြိုင်ပွဲတော်ကြီးစည်ကားသိုက်မြိုက်စေရေးခေတ် ပေါ်တေးဂီတများနှင့်အတူ ဆင် ၅၄ စီးကလည်း မြို့မဈေးကြီးအား သုံးပတ်လှည့်လည်ပြီး ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

(၄၈၅)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၂၆

ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov အား Radission Collection ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov နှင့်အတူ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်နှင့် RC Investment Fund ဥက္ကဋ္ဌ ကြီးကြပ်ရေးမှူးချုပ် Mr. Sergey Shatirov နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

တွေ့ဆုံ ဆွေးနွေးရာတွင် မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ကျင်းပနိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးပါက ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပေါ် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် နိုင်ငံတကာမှလည်း အသိအမှတ်ပြု အားပေးထောက်ခံလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက်

**☆ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှလည်း အသိအမှတ်ပြု အားပေးထောက်ခံလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လမ်းပြမြေပုံများရေးဆွဲ၍ စဉ်ဆက်မပြတ် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး**

စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လမ်းပြမြေပုံများရေးဆွဲ၍ စဉ်ဆက်မပြတ် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ်၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်နှင့် RC Investment Fund ဥက္ကဋ္ဌ ကြီးကြပ်ရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---



## လားရှိုးမြို့၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

လားရှိုး စက်တင်ဘာ ၂၆

လားရှိုးမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမှတ် (၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး ရှေ့ရှိ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန့်ဇင်ဦးဆောင်သောတပ်ဖွဲ့ဝင်များက ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဆိုင်ကယ်စီးနင်းသွားလာလျက်ရှိသည့် ဒေသခံပြည်သူများအား ဆိုင်ကယ်တစ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်တစ်လုံးနှုန်းဖြင့် စုစုပေါင်း ဆိုင်ကယ်စီးဦးထုပ်အလုံး ၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

## ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum)" သို့ တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားချက်အရ လာရောက်ခဲ့ခြင်းဖြစ်ပြီး ယမန်နေ့က တက်ရောက်ခဲ့ကြောင်း၊ မကြာသေးမီကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင်ကျင်းပသည့် အခြားသော ထိပ်သီးအစည်းအဝေးများသို့လည်း တက်ရောက်ဆွေးနွေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာ အခမ်းအနားများသို့ တက်ရောက်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များကိုရရှိစေကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ကြောင်း။

## မှန်မှန်ကန်ကန် ရွေးချယ်

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ တစ်ရပ်ကို မဖြစ်မနေကျင်းပပေးသွားရမည်ဖြစ်ပြီး မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရသည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လာမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှု မရှိစေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့်လွှတ်တော်ဖြစ်စေရေး ဆောင်ရွက်သွားရန်မှာ မိမိတို့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ တို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သူ ဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်ရန်လိုကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့ရွေးချယ်မည့် ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်သွားရန်လိုကြောင်း။

သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအနေဖြင့် အလှမ်းကွာဝေးပြီး မိမိတို့နှင့်အခြေခံမတူသည့် ရေခြား၊ မြေခြားအရပ်ဒေသများတွင် နိုင်ငံတော်၏တာဝန်များကို အခက်အခဲများကြားမှ လာရောက်ထမ်းဆောင်ကြခြင်း၊ ပညာသင်ယူခြင်းများကို ဆောင်ရွက်နေကြရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများ၏ အခက်အခဲများကို နားလည်သဘောပေါက်ပြီး လိုအပ်သည်များကိုအခါအခွင့်ကြုံသည့်အခါတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်နေကြရာ၌ မိမိကိုယ်ကိုသစ္စာရှိရန်၊ မိမိအလုပ်အပေါ်သစ္စာရှိရန်၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်လိုကြောင်း။

## နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရန် မှာကြားလို

မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်မှစ၍ ယခုအချိန်အထိ ကပ်ရောဂါ ကြုံတွေ့ရမှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် အခက်အခဲအကျပ်အတည်းနှင့် ပိတ်ဆို့မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စစ်မှန်သည့်စေတနာနှင့်သစ္စာတရားကိုလက်ကိုင်ထား၍ ကြံ့ကြံ့ခံ ဖြတ်ကျော်ခဲ့ခြင်းဖြစ်ကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများ အနေဖြင့်လည်း မိမိကိုယ်ကိုနှင့် မိမိအလုပ်ကိုသစ္စာရှိရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရန် မှာကြား လိုကြောင်း။

ငွေကုန်ကြေးကျခံ၍ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များရရှိနိုင်ရန် ပညာတော်သင် စေလွှတ်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ကျေးဇူးကို မမေ့ရန်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကို ပြန်လည်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ အနာဂတ်နိုင်ငံတော်အကျိုးကို တတ်စွမ်းသည့်ဘက်မှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေးလျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ

စာမျက်နှာ ၇ သို့ ◯

☆ ငွေကုန်ကြေးကျခံ၍ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များရရှိနိုင်ရန် ပညာတော်သင်စေလွှတ်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ကျေးဇူးကို မမေ့ရန်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကို ပြန်လည်ထမ်းဆောင်သွားကြရန်လို

☆ မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ အနာဂတ် နိုင်ငံတော်အကျိုးကို တတ်စွမ်းသည့်ဘက်မှ ဖော်ဆောင်

☆ ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေးလျက်ရှိပြီး အနာဂတ် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်

☆ ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်

❍ စာမျက်နှာ ၆ မှ

ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံသားများ အချင်းချင်းစည်းလုံးညီညွတ်စွာနေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်မျှတစွာနေထိုင်ကြရန်၊ ဂရုစိုက်ကြရန်မှာကြားလိုကြောင်း၊ မိမိတို့တစ်ဦးချင်းစီအလိုက် အသိ၊ သတိဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်သွားလာစားသောက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်သွားကြရန်လိုကြောင်းဖြင့် မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင်သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင်သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင်သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင်သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။




☆ စာမျက်နှာ ၂၄ မှ

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာန ကာကွယ်ရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Shri Abhay Thakur ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးများကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုဖြင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား သင်တန်းများဖွင့်လှစ် သင်ကြားပေးနေမှုနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကောင်းမွန်သည့်သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးအတွင်းဝန်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၄၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၉ ခုကို ခွင့်ပြု

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် လေးခုနှင့် စက်မှု၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခုတို့ကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၆၂၆ သန်း၊ ငွေကျပ် ၄၁၇၅၄၂ ဒသမ ၁၂ သန်းဖြစ်ပြီး ၄၄၄၆ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။



ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအပြင် စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ စိုးသူအောင်နှင့် ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက်၊ ရှစ်မျက်နှာဘုရားဓမ္မာရုံ အတွင်း၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုစစ်ဆေးပေးခြင်း၊ အဝလွန်ခြင်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါ အန္တရာယ်ခန့်မှန်းတွက်ချက်ပေးခြင်း၊ ပန်းနာရင်ကြပ်နှင့်နာတာရှည်အဆုတ်ပွရောဂါ ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်း၊ ရေထိုးကုသဆောင်ရွက်ပေးခြင်း စသည့်ရောဂါများ စစ်ဆေးပေးခဲ့ပြီးရောဂါတွေ့ရှိမှုအပေါ် မူတည်၍ သောက်ဆေးများ အခမဲ့ပေးဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန သွားဆရာဝန် ဒေါက်တာ အေးမင်းဇော်က ပြည်သူများအား သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေးအသိပညာပေးခြင်းများဆောင်ရွက်ပေးခဲ့ပြီး ဆေးဝါးများအခမဲ့ပေးခဲ့သည်။

"ကျွန်တော်၊ ကျွန်မတို့ ပြည်သူများအနေနဲ့ အခုလို ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးတဲ့ မြို့နယ်ဆရာဝန်ကြီးနဲ့ ဆရာ၊ ဆရာမများကို ကျေးဇူးတင်ပါကြောင်း" ဆေးကုသသူပြည်သူတစ်ဦးက ပြောသည်။

(အပေါ်ယာပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

*-*-*-*-*-*



သင့်သွေးဖြင့် အသက်ကယ်ပါ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**ကိစ္စရပ်များဆွေးနွေး**

အဆိုပါဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသောဖိုရမ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤဖိုရမ်သို့တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိတရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယာယီတရားသူကြီးချုပ် H.E. Mr. Yuri Ivanenko နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ်တို့အကြား တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် နှစ်နိုင်ငံ တရားစီရင်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ အယူခံတရားရုံးအဆောက်အအုံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်သို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယာယီတရားသူကြီးချုပ် H.E. Mr.Yuri Ivanenko က တည်ခင်းသည့် ကြိုဆိုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**တက်ရောက်**

စက်တင်ဘာ ၂၂ ရက်တွင် ပြည်ထောင်စု တရားသူကြီးချုပ်သည် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်သို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများ၊ တရားသူကြီးများ၊ တရားစီရင်ရေး အရာရှိများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်တွင် အခွန်ဥပဒေ၊ အကောက်ခွန်ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် ဥပဒေပြဿနာရပ်များကို စာတမ်းဖတ်ကြား ဆွေးနွေးကြပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက “Intellectual Property Rights Protection in Myanmar: Judicial Perspective and Experience” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သာကေတမြို့နယ်ဦးစီးမှူးရုံးနှင့် ရခိုင်ပြည်နယ်မှ ယာယီရုံးများ ဖွင့်လှစ်ထားရှိသည့် နေရာများ၌ ပန်းခင်းစီမံချက်အဆင့်(၃)နှင့် Unique ID နံပါတ် ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာကေတမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနနှင့်ပတ်သက်သည့် လက်ငင်းဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါဝင်းအတွင်းရှိဗိုလ်တထောင်ခရိုင်ဦးစီးမှူးရုံး၏ ရုံးအဆောက်အအုံနှင့် ရုံးခန်းများ အခြေအနေကိုလည်းကောင်း၊ သာကေတဝင်းအတွင်း၌ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဝန်ထမ်းများက နိုင်ငံသားဆိုင်ရာ ကိုယ်ရေးမှတ်တမ်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ကြသူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန် ရမ်းဗြဲနှင့် ပေါက်တောမြို့နယ်ဦးစီးမှူးရုံးများ၏ ယာယီရုံးများဖွင့်လှစ်ထားရှိပြီး ပန်းခင်းစီမံချက်အဆင့်(၃)နှင့် e-ID စနစ်ဖြင့် Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် သာကေတဂိုဒေါင်ဝင်းအတွင်းရှိ ဂိုဒေါင်များအလိုက် မှတ်တမ်းများထိန်းသိမ်းထားရှိမှု၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအတွက် စိစစ်ရေးကတ်ပြားများနှင့် လုပ်ငန်းသုံးပုံစံများ ထိန်းသိမ်းထားရှိမှု၊ ရခိုင်ပြည်နယ်မှ ယာယီရုံးဖွင့်လှစ်မည့် ခရိုင်နှင့်မြို့နယ် ဦးစီးမှူးရုံးအချို့မှ ရုံးသုံးပစ္စည်းနှင့် လုပ်ငန်းသုံးပုံစံများ သိုလှောင်ထားရှိမှုအခြေအနေများ၊ စာရင်းဇယား မှတ်တမ်းပုံစံဟောင်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းအဟောင်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဂိုဒေါင်များအတွင်းနှင့် ပတ်ဝန်းကျင် ရေကြီးရေလျှံမှု မဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ထားရှိရေး၊ ဂိုဒေါင်များအလိုက် ထည့်သွင်းထားသည့် ပစ္စည်းစာရင်းဇယားများ စနစ်တကျ မှတ်တမ်းတင် ထိန်းသိမ်းထုတ်ပေးရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေကျော်ကွန်ကရစ်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၂၆**

ပျော်ဘွယ်မြို့နယ်အတွင်း ကိုင်းရွာကျေးရွာနှင့် ပဲ့ကန်(မြောက်) ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေကျော်ကွန်ကရစ် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထိုကဲ့သို့ကြည့်ရှုစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်(မြို့ပြ)က ရေကျော်ကွန်ကရစ် တည်ဆောက်ရာတွင် အရည်အသွေးပြည့်မီကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကိုပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုမွန်ဖွေးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကိုင်းရွာကျေးရွာနှင့် ပဲ့ကန်(မြောက်)ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေကျော်ကွန်ကရစ် တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၂၁၀ သန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(ယာပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



# မော်စကိုမြို့၌ ကျင်းပသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ ၏ မျက်နှာစုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ပါဝင်တက်ရောက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အတူလိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် နေ့လယ်ပိုင်းက "အရာအားလုံးက အက်တမ်ကနေ စတင်တယ်" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ ၏ မျက်နှာစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။



"အရာအားလုံးက အက်တမ်ကနေ စတင်တယ်"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ ၏ မျက်နှာစုံညီအစည်းအဝေး ကျင်းပစဉ်။

အဆိုပါ မျက်နှာစုံညီအစည်းအဝေးကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM) ညွှန်ကြားရေးမှူးချုပ်Mr.Alexey Likhachev ဦးဆောင်ပြုလုပ်ခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးများနှင့် UMFCCI မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မျက်နှာစုံညီ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ၏ စကားသံများကိုလည်း ယခုလိုကြားသိခဲ့ရပါတယ်-


ပြည်ထောင်စုဝန်ကြီး
ဦးကိုကိုလွင်

ဒီနေ့က Atomic Energy Forum ကို နိုင်ငံတော်အကြီးအကဲနဲ့အတူ လာကြတာပါ။ အဏုမြူစွမ်းအင်နဲ့ပတ်သက်တဲ့ တာဝန်ရှိသူတွေပါလာကြတယ်။ စွမ်းအင်ဆိုတာက လူသားတွေအတွက် မရှိမဖြစ်လိုအပ်ချက်၊ အရေးကြီးဆုံး လိုအပ်ချက်ပဲ။ လူမှုဘဝ ရှင်သန်ဖို့၊ နိုင်ငံတစ်နိုင်ငံ စီးပွားဖွံ့ဖြိုးဖို့ စွမ်းအင်လိုတယ်။

အဲဒီမှာ Energy ဆိုတာက Energy ရရှိဖို့အတွက် ကျွန်တော်တို့ Primary Energy လို့ ခေါ်တဲ့ ဒီ Energy ကို Source က ဘယ် Source က ယူတာလဲ။ ပြီးတဲ့အခါကျမှ Secondary Energy ကို ပြန်ပြီးတော့ Transform လုပ်တယ်။ ဥပမာအားဖြင့် ကျွန်တော်တို့လုပ်နေတဲ့ Oil and Gas ဆိုလို့ရှိရင် Oil and Gas ကို Primary Energy အနေနဲ့ လုပ်တယ်။ အဲဒီကနေပြီးတော့ Secondary Energy နဲ့ Transform လုပ်တဲ့အခါကျတော့ Electricity ဆိုတာ ရတယ်။ Electricity သည် Secondary Energy။ အဲဒီ Secondary Energy ကနေပြီးတော့ လိုချင်တဲ့ လူတွေရဲ့လိုအပ်ချက်တွေကို အသုံးပြုကြတယ်။ အခု ဒီ Atomic Energy ကျတော့ Primary Energy အနေနဲ့ Atom တွေကရတယ်။ Atom တွေက Uranium၊ Plutonium နဲ့ Thorium အဲဒီ Atom တွေက Fusion ဖြစ်တဲ့ အခါကျတော့ Atom တွေကနေ Nucleus က ကွဲသွားတဲ့အခါ Neutron တွေ ထွက်လာတယ်။ ဒါ Primary Energy ပေါ့။ အဲဒီကနေ Secondary Energy ဖြစ်တဲ့ အမျိုးမျိုးသော အသုံးပြုမှုတွေကိုသွားရော။ အခု ဒီနေ့က တော့ ထွက်လာတဲ့ Energy တွေကို လျှပ်စစ်ထုတ်ဖို့ပါ။ ဒီအပြင် စိုက်ပျိုးရေးကိစ္စတွေ၊ ကျန်းမာရေးကိစ္စတွေမှာ သုံးမယ်။ အများကြီး သုံးလို့ရတယ်။

အဏုမြူစွမ်းအင် လုပ်မယ်ဆိုရင် နံပါတ်တစ်အရေးကြီးဆုံးကတော့ လူ့စွမ်းအားအရင်းအမြစ်နဲ့ အခြေခံ အဆောက်အအုံတွေ လုပ်ရမယ်။ နံပါတ်နှစ်ကတော့ ငွေရေးကြေးရေး။ နံပါတ်သုံးကတော့ သူ့ရဲ့လုံခြုံစိတ်ချရမှု။

Security မှာ နှစ်ပိုင်းပါတယ်။ Nuclear ထုတ်တဲ့ Power-plant ကြီးတွေရဲ့ Secure ဖြစ်ဖို့လိုတယ်။ Very High Tempera-ture မှာ သူက အလုပ်လုပ်တာ။ အဲဒီအခါကျတော့ Super Heated Region ကနေ Steam တွေထွက်လာတယ်။ အဲဒါကို သုံးတာ။ ဒါပေမယ့် သုံးချင်တဲ့ Steam တွေက သုံးပြီး သုံးနေတဲ့အချိန်မှာ အဲဒီ Plant ကြီးကိုကျတော့ Cooling System တွေက အအေးပေးထားရတယ်။ နောက်တစ်ခါ Nuclear Atom တွေက ပြိုကွဲသွားတဲ့အခါ Radiation တွေ ထွက်လာတယ်။ အဲဒါတွေကို အကာအကွယ်ပြုလုပ်ရတယ်။ ဒါကြောင့်မို့ Nuclear ဆိုတာနဲ့ နံပါတ်တစ် Security ဆိုတဲ့နေရာမှာ အဲဒီမှာ အလုပ်လုပ်မယ့် လူတွေက ဟာ… ဒါဆိုရင် သူတို့ဘာဖြစ်မလဲ။ စိုးရိမ်မှုတွေရှိတယ်။ နောက်တစ်ခုက အဲဒါကို သုံးစွဲမယ့်ပြည်သူလူထု။ ခုနက IAEA က ပြောသွားတယ်။ ပြည်သူလူထုက Nuclear ဆိုရင် လန့်နေကြတယ်။ အဲဒါကို ပြောပြရမယ်။

ဒီနေ့က ဒီနျူကလီးယားနည်းပညာတွေက တဖြည်းဖြည်းနဲ့ မြင့်တက်လာတယ်။ အခုဆိုရင် Generation က 3 Plus တတိယမျိုးဆက်လွန် ဖြစ်သွားပြီ။ နောက်တစ်ခါ သူတို့ 4 ကိုသွားဖို့ သူတို့ဆွေးနွေးနေကြပြီ။ 4 သွားပြီဆိုလို့ရှိရင် ပိုပြီးတော့ လုံခြုံလာမယ်။ အခုက နျူကလီးယားသုံးပြီဆိုလို့ရှိရင် ယူရေနီယံတွေ အစွမ်းမဲ့သွားပြီဆိုရင် စွန့်ပစ်ရမယ့်ပြဿနာကို ရင်ဆိုင်ရပြီ။ စတုတ္ထမျိုးဆက်နည်းပညာမှာ Depleted Uranium တွေကို မစွန့်ပစ်ရတော့ဘူး။ ပြန်သုံးမယ်။ Reuse ပြန်လုပ်မယ်။ အဲဒါ $4^{th}$ Generation ဆိုပြီးတော့ သွားနေကြတယ်။ အဲဒီမှာတော့ ရုရှားက နည်းပညာဦးဆောင်နိုင်ငံဖြစ်တယ်။ မနေ့ကလည်း နိုင်ငံတော်အကြီးအကဲတွေ ဆွေးနွေးကြတဲ့အထဲမှာ အဲဒီခေါင်းစဉ်တွေပါတယ်။ ဒီနေ့လည်း ဆွေးနွေးတယ်။ ဘာပြောပြော ကျွန်တော်တို့နိုင်ငံအနေနဲ့သည် Energy Mix ဆိုတဲ့နေရာမှာ Nuclear သည် အချိုးတစ်ခုပါကို ပါရမယ်။ အဲဒါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမယ်။ ဒီနေ့လည်း ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲရဲ့ရှေ့မှောက်မှာ လက်မှတ်ထိုးကြတယ်။ အဲဒါ ကျွန်တော်တို့ မဖြစ်မနေ ဆောင်ရွက်ရမယ်။ အဲ့ဒါကို ပြည်သူလူထုအနေနဲ့က လည်း ဆောင်ရွက်ရမယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်မတန်အရေးပါတယ်ဆိုတာကို ပြည်သူလူထုနားလည်ရမယ်။ ဒီဘက်ကလည်း နည်းပညာတွေအရ Secure လုပ်မယ်။ နောက်တစ်ခါ ဒီမှာအလုပ်လုပ်မယ့် လူတွေ၊ ဒီပညာတွေ သင်ဖို့အတွက် သူတို့က စိုးရိမ်စိတ်တွေ ရှိစရာမလိုဘူး။ အခုလည်း ဒီမှာ Nuclear နဲ့ပတ်သက်တဲ့ပညာရှင်ငယ်ငယ်လေးတွေ ကျွန်တော်တို့ တွေ့ခဲ့ရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀/၇၀ လောက်ကတည်းက ဒါကို စလုပ်နေတာ။ ဒါကို ပြည်သူလူထုအနေနဲ့ လုပ်ကိုလုပ်ရတော့မယ်။ ကြိုးစားလုပ်ရမယ်။ ဒါဆို ငါတို့နိုင်ငံတော်အတွက် ဘယ်လို ဖွံ့ဖြိုး တိုးတက်လာမယ်ဆိုတဲ့ အသိအမြင်လေးတွေ ရစေချင်ပါတယ်။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသက်ခိုင်ဝင်း

နိုင်ငံတော် အကြီးအကဲနဲ့အတူ မော်စကိုမှာကျင်းပတဲ့ World Atomic Week Forum-2025 ကို လာတက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီနေ့လည်း နိုင်ငံတော်အကြီးအကဲ ပါဝင်တဲ့ World Atomic Week ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ပါတယ်။ Nuclear Technology နဲ့ပတ်သက်ပြီးတော့ နိုင်ငံတစ်နိုင်ငံမှာ အသုံးပြုဖို့ဆိုတာ တော်တော်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့က ထိပ်သီးဆွေးနွေးပွဲမှာ နိုင်ငံတော်အကြီးအကဲများဟာ မိမိတို့နိုင်ငံတွေအလိုက် Nuclear Technology ကို မိမိတို့လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီစဉ်ဆောင်ရွက်နေတဲ့ အစီအစဉ်တွေကို ဆွေးနွေးသွားကြတာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့လည်း နိုင်ငံတော် ယာယီသမ္မတကြီးက မြန်မာနိုင်ငံမှာ ဆောင်ရွက်မယ့် Nuclear Technology နဲ့အတူ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်နေတဲ့ အစီအစဉ်တွေ၊ နောက်ဆောင်ရွက်မယ့် အစီအစဉ်တွေကို ကျယ်ပြန့်စွာ ဆွေးနွေးသွားခဲ့ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ Nuclear Technology ကို ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အဖွဲ့အစည်းတွေဖြစ်တဲ့ IAEA လို အဖွဲ့အစည်းတွေ ROSATOM လို အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ဆွေးနွေးခဲ့တာ တွေ့ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီပွဲမှာဆိုရင် ကျွန်တော်တို့ အပါအဝင် ကျွန်တော်တို့ရဲ့ Nuclear Medi-cine Department က တာဝန်ရှိသူတွေလည်း ပါဝင်လာပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ ဒီ Nuclear Technology အသုံးပြုပြီးတော့ ဆေးကုသမှုတွေ၊ ရောဂါရှာဖွေမှုတွေ၊အထူးသဖြင့် ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ ကုသမှုတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီမှာ တက်ရောက်လာခြင်းအားဖြင့် ROSATOM မှ တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ရဲ့တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာ ဆေးကုသမှုနဲ့ ပတ်သက်ပြီး Nuclear Technology အသုံးပြုပြီးတော့ ဆောင်ရွက်မယ့်ဟာတွေ၊ ယခုလက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့ ဒါတွေကိုလည်း ဆွေးနွေးနိုင်မယ့် အခွင့်အလမ်းရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ Nuclear Technology ဆေးကုသမှုလုပ်တဲ့အခါမှာ Isotope တွေ ကျွန်တော်တို့နိုင်ငံမှာလည်း ထုတ်နေတာရှိသလို ပြည်ပနိုင်ငံက တင်သွင်းရတာတွေလည်းရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ပိုမိုကောင်းမွန်တဲ့၊ အရည်အသွေးမြင့်မားတဲ့ Isotope တွေ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့၊ ပြည်ပမှ တင်သွင်းနိုင်ဖို့တွေကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ World Atomic Week Forum - 2025 ကို လာရောက်တက်ရောက်ခြင်းဟာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ Nuclear Technology နဲ့ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့် လုပ်ငန်းတွေမှာ နိုင်ငံတော် ယာယီသမ္မတကြီး ကိုယ်တိုင် တက်ရောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံအတွက် မှတ်တိုင်တစ်ခု၊ Nuclear Technology အသုံးပြုတဲ့ မှတ်တိုင်တစ်ခုအဖြစ်နဲ့ ကျန်ခဲ့မယ်လို့ ယုံကြည်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရုရှား-အာဆီယံဆွေးနွေးပွဲကို ပါဝင်တက်ရောက်ခဲ့သည်။ ထို့နောက် ROSATOM ညွှန်ကြားရေးမှူးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန် ၆၂ ရက် သာ လိုတော့သည်။**

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် WWW.UEC.GOV.MM တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့် ပြုသွားမည်ဖြစ်ကြောင်း။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦးကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၁ ဦးနှင့် အိန္ဒိယနိုင်ငံသား သုံးဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၄ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးသည်။



ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၂၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄ ဦး ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Ma Moe" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ နန်းမြင့်မြင့်မိုးအား ည ၈ နာရီ မိနစ် ၅၀ တွင် တောင်ဥက္ကလာပမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

မိုး/ဇလ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၆)နှစ်ပြည့် အထိမ်းအမှတ်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် ညည့်ခံပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၆)နှစ်ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်ညည့်ခံပွဲ အခမ်းအနားကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး ဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်၍ တရုတ်နိုင်ငံ၏ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းဗီဒီယိုကို ပြသပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ပြုစကားကိုပြောကြားပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ခဲ့ကြပြီးနောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀






# ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံအသစ်ဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၆**

ကျေးလက်နေပြည်သူများ စာဖတ်ကြစေရန်၊ စာပေဗဟုသုတနှင့်ပြည့်စုံလာစေရန်၊ စာကြည့်တိုက်ကို အသုံးချတတ်လာစေရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဟိုလိပ်ကျေးရွာ၌ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံအသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပညာအလင်းရောင်စာကြည့်တိုက်အဆောက်အအုံအသစ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် ပြင်ဦးလွင်မြို့နယ် မြို့မိမြို့ဖ အတွင်းရေးမှူး ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ဆက်လက်၍ တာဝန်ရှိသူများက ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံအသစ်အား အမွေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်၊ စာစောင်များထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသောငွေကျပ် ၁၀ သိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်အတွက် လှူဒါန်းပေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖအတွင်းရေးမှူးတို့က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်မှူးတို့က လက်ခံရယူခဲ့ကြပြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၈၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)

*-*-*-*-*-*

# ဆေးဆိုင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်စားသုံးသူရေးရာဦးစီးဌာနသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးနှင့်ထုတ်ကုန်များတွင် သတ်မှတ်ကုန်ပစ္စည်းအညွှန်းများပါရှိရေး၊ ဈေးနှုန်းမှန်ကန်စွာရောင်းချစေရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရေးအတွက် စက်တင်ဘာ ၂၄ရက် နံနက် ၉နာရီမှ ၁၁ နာရီအထိ မြင်းခြံမြို့နယ်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

(အောက်ပုံ)

ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးတင်ဇော်ထွေးနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများဖြစ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ မြင်းခြံမြို့ပေါ်ရှိ ဆေးဆိုင်များအား FDA အသိအမှတ်ပြုဆေးများ ရောင်းချရေး၊ သက်တမ်းလွန်ဆေးများရောင်းချမှုမရှိစေရေး၊ စပ်ဆေးများရောင်းချမှုမရှိစေရေးနှင့် ဆေးဝါးမှတ်ပုံတင်လက်မှတ်များ ပြန်လည်ထုတ်ပေးနိုင်ရေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး စစ်ဆေးခဲ့ကြကြောင်း သိရသည်။ (၀၄၅)



# မင်္ဂလာမှူးဆယ်လမ်းဘေးတစ်လျှောက် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်

**မူဆယ် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၇နာရီတွင် မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်ရှိ မင်္ဂလာမူဆယ်လမ်းမကြီး လမ်းဘေးဝဲ၊ ယာတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး၊ လမ်းပေါ်တွင် ရေလျှံမှုမရှိစေရေး၊ ရေမြောင်းများမှ အနံ့ဆိုးများနှင့်အညစ်အကြေးများမရှိစေရေးအတွက် ရေမြောင်းများအတွင်းမှ အမှိုက်များ ဆယ်ယူခြင်း၊ နုန်းမြေများ ဆယ်ယူခြင်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန သန့်ရှင်းရေးဌာနစိတ်၊ ဈေးနှင့်သားသတ်ဌာနစိတ်၊ ပျိုးဥယျာဉ်ဌာနစိတ်တို့မှ ဝန်ထမ်းအင်အား ၆၀ ဦးဖြင့် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၀၄၀)



## မန္တလေးမြို့ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့အတွင်းရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

(ဓပုံ)

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)

## မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပရေးဆပ်ကော်မတီ (ပဋ္ဌမ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတက္ကသိုလ် ရာပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပရေး ဆပ်ကော်မတီ (ပဋ္ဌမ)အကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေးတက္ကသိုလ် URC အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက မန္တလေးတက္ကသိုလ် ရာပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အာစရိယပူဇော်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေး၊ အာစရိယပူဇော်ပွဲဆပ်ကော်မတီအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖနှင့် ကျောင်းသားဟောင်းများက အာစရိယပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၅ ရက်နေ့တွင် အသက်(၇၀)ပြည့်မည့် ဘာသာရပ်ပေါင်းစုံမှ ကန်တော့ခံ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၆၁၆ ဦးအား အတည်ပြုစာရင်းထုတ်ပြန်ကာ မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်နေ့တွင် အာစရိယပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာသူများအား လုပ်ငန်းတာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



## မြို့တွင်း ယာဉ်အသင်းများ လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြို့တွင်း ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ စီမံမှုအောက်ရှိ ယာဉ်အသင်းများနှင့် သုံးဘီး( Taxi )အသင်းများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ယာဉ်အသင်းများ လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး တက်ရောက်ချီးမြှင့်အားပေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးနှင့် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး မြို့တွင်း ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ယာဉ်အသင်းများ လုပ်အားယှဉ်ပြိုင်ဆု ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယာဉ်အသင်းများ လုပ်အားယှဉ်ပြိုင်ဆုများနှင့်ပတ်သက်၍ ပထမဆုကို အမှတ်(၁၁)မော်တော်ယာဉ်အသင်းနှင့် ချမ်းမြေ့ရွှေပြည် သုံးဘီး(Taxi) အသင်း၊ ဒုတိယဆုအဖြစ် အမှတ်(၂၉)မော်တော်ယာဉ်အသင်းနှင့် ဗြဟ္မဏလှငယ်သုံးဘီး (Taxi) အသင်း၊ တတိယဆုရရှိသည့် အမှတ်(၁၆)မော်တော်ယာဉ်အသင်းနှင့် ၇၃-မန္တလာသုံးဘီး(Taxi) အသင်းနှင့် နှစ်သိမ့်ဆုရရှိသော ယာဉ်အသင်းများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆုရရှိသော ယာဉ်အသင်းများနှင့် သုံးဘီး(Taxi) အသင်းများကိုယ်စား အမှတ်(၁၁) မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## မြင်းခြံမြို့တွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**မြင်းခြံ စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ကြားပို့ချသည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ လုပ်ငန်းမှတ်ပုံတင်ခြင်းအပြင် ပြည်သူများ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ အောင်မြင်စွာ လုပ်ဆောင်နိုင်ရေးအတွက် အခမဲ့သင်တန်းများ ပို့ချပေးလျက်ရှိပါတယ်။ ဒီနေ့ ပြုလုပ်တဲ့ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကတော့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ဒုတိယအကြိမ်မြောက် ပြုလုပ်တဲ့ သင်တန်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်" ဟု ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

(ယာပုံ)

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ပန်ကန်းဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာခဲ၊ မျက်နှာသစ်ဆပ်ပြာခဲ၊ ဘက်စုံသုံးဆပ်ပြာဆီပြုလုပ်နည်း စသည့်ပြုလုပ်နည်းများကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၆)





# သွင်းကုန်ဆေးဝါးများကို ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မည်ဟု ထရမ့်ပြော



ဝါရှင်တန် စက်တင်ဘာ ၂၆

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆေးဝါးလုပ်ငန်းကို ပစ်မှတ်ထား၍ နောက်ထပ် အခွန်စည်းကြပ်မှုအသစ်တစ်ခုကို ကြေညာခဲ့သည်။ အောက်တိုဘာ ၁ ရက်မှစတင်၍ အမေရိကန်သို့တင်သွင်းလာသည့် ဆေးဝါးအချို့အား ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံမည်ဟု စက်တင်ဘာ ၂၅ ရက်တွင် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ကြေညာခဲ့သည်။**

အမေရိကန်တွင် စက်ရုံတည်ဆောက်နေသည့် ကုမ္ပဏီများကိုမူ ကင်းလွတ်ခွင့်ပေးမည်ဟု ထရမ့်က ပြောသည်။

လူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖော်ပြထားသည့် ၁၀၀ရာခိုင်နှုန်း အခွန်ကောက်ခံမှုသည် အမှတ်တံဆိပ်ပါသော သို့မဟုတ် မူပိုင်ခွင့်ယူထားသော ဆေးဝါးထုတ်ကုန်များအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

ကုန်ကားများ၊ မီးဖိုချောင်သုံးဗီရိုများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် ဆိုဖာပရိဘောဂပစ္စည်းများအထိ ပါဝင်သည့် အခွန်စည်းကြပ်မှုအသစ်တွင် ဆေးဝါးများလည်း ပါဝင်လာခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

# မကူးစက်နိုင်သည့်ရောဂါများကြောင့် သေဆုံးမှုများလျှော့ချနိုင်ရေးလုပ်ဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

**ဂျီနီဗာ စက်တင်ဘာ ၂၆**

မကူးစက်တတ်သော ရောဂါများကြောင့် သေဆုံးမှုများလျှော့ချနိုင်ရန်၊ စိတ်ကျန်းမာရေးနှင့် ကိုယ်ကျန်းမာရေးကို မြှင့်တင်ရန်အတွက် တစ်ကမ္ဘာလုံးက ပိုင်းဝန်းအရေးယူ ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က စက်တင်ဘာ ၂၅ ရက်တွင် တောင်းဆိုခဲ့သည်။

**မျှော်လင့်ချက်မရှိသေး**

၂၀၃၀ ပြည့်နှစ်တွင် မကူးစက်နိုင်သောရောဂါများကြောင့် လူသေဆုံးမှုများကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်ရေး ရည်ရွယ်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက်အားယခု လက်ရှိအခြေအနေတွင် အောင်မြင်အောင် လုပ်ဆောင်နိုင်ရန် မျှော်လင့်ချက်မရှိသေးကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အမီနာမိုဟာမက်က မကူးစက်နိုင်သောရောဂါများဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် ဖတ်ကြားခဲ့သည်။

**ကျန်းမာရေးစနစ်ကို ထိခိုက်စေ**

မကူးစက်နိုင်သောရောဂါများ၏ ဆိုးကျိုးသည် လူသားတို့၏ ဆင်းရဲဒုက္ခနှင့် သက်တမ်းတိုရသည့် အချက်တွင်သာမက စီးပွားရေးထုတ်လုပ်မှုဆုံးရှုံးခြင်း ကျန်းမာရေးစနစ်ကို ထိခိုက်စေသော မညီမျှမှုကို ပို၍နက်ရှိုင်းစွာ ဖြစ်ပေါ်စေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**သေဆုံးသူ ၄၃ သန်းကျော်ရှိ**

နှစ်စဉ်ကမ္ဘာ့တိုင်းတွင် အသက် ၇၀ အောက် လူတစ်ဦးမှာ မကူးစက်နိုင်သည့် ရောဂါကြောင့် သေဆုံးနေရသည်။ လွန်ခဲ့သည့် တစ်နှစ်တည်းတွင်ပင် မကူးစက်နိုင်သည့် ရောဂါကြောင့် သေဆုံးသူ ၄၃ သန်းကျော်ရှိသည်။

**လူပေါင်း တစ်ဘီလီယံကျော်ကို ထိခိုက်**

စိတ်ကျန်းမာရေး ချို့တဲ့မှုသည် တစ်ကမ္ဘာလုံးအနှံ့ လူပေါင်း တစ်ဘီလီယံကျော်ကို ထိခိုက်ခံစားစေသည်။ လူပေါင်း ၂ ဒသမ ၈ ဘီလီယံမှာ ကျန်းမာသည့်စားသောက်မှုပုံစံကို ဝယ်ယူနိုင်စွမ်းမရှိကြောင်း ၎င်းကဆက်လက်ဖော်ပြခဲ့သည်။

မကူးစက်နိုင်သော ရောဂါများနှင့် စိတ်ကျန်းမာရေး အခြေအနေသည် ယနေ့ခေတ်၏ အကြီးမားဆုံး ပြည်သူ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



**ကျန်းမာရေးစောင့်ရှောက်မှု အားကောင်းစေရန်တောင်းဆို**

လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အခြေခံအဖြစ် ပထမအဆင့် ကျန်းမာရေးစောင့်ရှောက်မှုကို အားကောင်းစေရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က နိုင်ငံများကို တောင်းဆိုခဲ့သည်။

ဆင်ဟွာ

# ဘွာလိုအိုင်ဟုအမည်ရသည့် အခြားအပူပိုင်းအင်အားပြင်းမုန်တိုင်း ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းတောင်ဘက်သို့ ဝင်ရောက်မည်ဟု ခန့်မှန်း

**မနီလာ စက်တင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံတွင် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်းကြောင့် လူကိုးဦး သေဆုံးကာ ရက်အနည်းငယ်အကြာ စက်တင်ဘာ ၂၅ရက်တွင် ကျောင်းများပိတ်၊ လေယာဉ်ခရီးစဉ်များကိုပါ ဖျက်သိမ်းခဲ့ရပြီးနောက် ဘွာလိုအိုင်ဟုအမည်ရသည့် အခြားအပူပိုင်းအင်အားပြင်းမုန်တိုင်း ဝင်ရောက်လာနေပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ယင်းမုန်တိုင်းသည် တိုင်ဖုန်းအဖြစ် အားကောင်းလာမည်ဖြစ်ပြီး ဖိလစ်ပိုင်၏ အကြီးဆုံးကျွန်းဖြစ်သော လူဇွန်၏ တောင်ဘက်ပိုင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

''တောင်တန်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေနဲ့ မြေပြိုမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နိုင်ပါတယ်'' ဟု ဖိလစ်ပိုင်နိုင်ငံ၏ မိုးလေဝသဌာနက သတင်းစာရှင်းလင်းပွဲတွင် ကြိုတင်သတိပေးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ နှစ်စဉ် ပျမ်းမျှ မုန်တိုင်းများနှင့် တိုင်ဖုန်း ၂၀ ခန့် ဝင်ရောက်လေ့ရှိပြီး သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများရှိ လူသန်းနှင့်ချီ၍ ဆင်းရဲနွမ်းပါးသည့် အခြေအနေသို့ ရောက်ရှိစေကြောင်း သိရသည်။

Mon

STOP AIDS

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကိုယ်ပိုင်ဒီဇိုင်းထုတ် လေအားတာဘိုင် အက်စ် ၁၅၀၀ ကို ရှင်းကျန်းပြည်နယ်၊ ဟာမီမြို့တွင် အောင်မြင်စွာစမ်းသပ်

**ပေကျင်း စက်တင်ဘာ ၂၆**

တရုတ်နိုင်ငံသည် လေထဲပျံဝဲနိုင်သော ကိုယ်ပိုင်ဒီဇိုင်းထုတ် လေအားတာဘိုင် အက်စ် ၁၅၀၀ ကို ရှင်းကျန်းပြည်နယ်၊ ဟာမီမြို့တွင် ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါစနစ်သည် သဲကန္တာရအတွင်း၌ တပ်ဆင်ခြင်းနှင့် လေပြင်းများထဲ၌ အကြိမ်ကြိမ် ဖြန့်ကြက်ချထားခြင်းအပါအဝင် ခက်ခဲသော စမ်းသပ်မှုများကို အောင်မြင်ခဲ့သည်။ ၎င်းသည် လေအားလျှပ်စစ်အတွက် အဓိကအောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

၎င်းသည် ကောင်းကင်ယံ၌ ဇရာမဇက်ပလင်လေသဘောကဲ့သို့ ပျံဝဲနိုင်သော မဂ္ဂါဝပ်အဆင့် စီးပွားဖြစ် စနစ်တစ်မျိုးဖြစ်သည်။ ၎င်းကို တီထွင်ထုတ်လုပ်ခဲ့သည့် ပေကျင်းဆောဝက်စ်စွမ်းအင်နည်းပညာကုမ္ပဏီလီမိတက်၏ အဆိုအရ ၎င်းသည် အလျား ၁၉၇ ပေ (မီတာ ၆၀)၊ အနံ ၁၃၁ ပေ (မီတာ ၄၀)နှင့် အမြင့် ၁၃၁ ပေ (မီတာ ၄၀)ရှိပြီး ယခုအထိ တည်ဆောက်ခဲ့သော လေအားလျှပ်စစ်ထုတ်စက်များထဲတွင် ပမာဏအကြီးမားဆုံးဖြစ်သည်။

ရိုးရိုးတာဘိုင်များနှင့်မတူရုံသာမက မျှော်စင် သို့မဟုတ် နက်ရှိုင်းသောအုတ်မြစ်လည်း မလိုအပ်သော ယင်းစနစ်တစ်ခုလုံးကို နာရီအနည်းငယ်အတွင်း ရွှေ့ပြောင်းနိုင်သဖြင့် သဲကန္တာရများ၊ ကျွန်းများနှင့် သတ္တုတူးဖော်ရေးနေရာများအတွက် သင့်လျော်မည်ဖြစ်ကြောင်း သိရသည်။ Mon



## အမေရိကန်က လွှဲပြောင်းရယူခဲ့သော တစ်တော့ကုမ္ပဏီအသစ်၏ တန်ဖိုး ဒေါ်လာ ၁၄ ဘီလီယံဝန်းကျင်ရှိမည်ဟု ဒုတိယသမ္မတ ဂျေဒီဗန့်စ် ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်က လွှဲပြောင်းရယူပြီးနောက် တစ်တော့ကုမ္ပဏီအသစ်၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံဝန်းကျင်ရှိမည်ဟု ဒုတိယသမ္မတ ဂျေဒီဗန့်စ် ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခင်တရုတ်ပိုင်တစ်တော့၏ အမေရိကန်လုပ်ငန်းများကို အမေရိကန်နှင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူများထံ ရောင်းချမည့်စီမံကိန်းနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်ဥပဒေတွင် ပါရှိသည့် အမျိုးသားလုံခြုံရေးလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟူသော အမှုဆောင်အမိန့်ကို စက်တင်ဘာ ၂၅ရက်က သမ္မတ ဒေါ်နယ်လ်ထရမ့် လက်မှတ်ရေးထိုးပေးပြီးနောက် ၎င်းက ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ထိုအမှုဆောင်အမိန့်ထုတ်ပြန်ခြင်းသည် ထရမ့်အနေဖြင့် တစ်တော့၏ အမေရိကန်ပိုင်ဆိုင်မှုများကို ရောင်းချခြင်းနှင့်ပတ်သက်၍ တိုးတက်မှုများ ရှိနေကြောင်း ပြသရာရောက်သည်။

မည်သို့ပင်ဖြစ်စေ အမေရိကန်လွှတ်တော်အဖွဲ့အစည်းက တစ်တော့၏ အရေးအကြီးဆုံး ပိုင်ဆိုင်မှုဖြစ်သည့် ၎င်း၏စနစ်ကို မည်သို့အသုံးပြုမည်နည်းအပါအဝင် အသေးစိတ်အချက်အလက်များစွာကို ထိန်းကျောင်းပေးရန် လိုအပ်ဦးမည်ဖြစ်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းထားသော ဒိုင်အိုစီဇင်ကျောင်းတော်၌ ဂုဏ်ပြုစာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်းနှင့်၈၆လမ်းထောင့်တွင် မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းပြီး သီပေါမင်းသား ပညာသင်ယူခဲ့သော ဒိုင်အိုစီဇင်၊ သံတဲကျောင်းတော်ကြီး (ယခု အ·ထ·က-၁၀)၏ သမိုင်းဂုဏ်ပြုစာတမ်းဖတ်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပယ်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရွှေမော်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းနှင့် ဆရာမများ၊ ဒိုင်အိုစီဇင်ကျောင်းသားဟောင်းများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။ (ဝဲပုံ)

ရှေးဦးစွာ ဒိုင်အိုစီဇင်ကျောင်းသားဟောင်း ဦးလှဘော်(မောင်လှဘော်-မအူပင်)က မုဒိတာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးမြဝေ(မောင်မြဝေ-ယောမင်းကြီး)က စာတမ်းရှင်၏ သမိုင်းအကျဉ်းကို ဖတ်ကြားသည်။ ထို့နောက် စာတမ်းရှင် ဦးငွေးကြွယ်က ဒိုင်အိုစီဇင်ကျောင်းတော်ကြီးဂုဏ်ပြုစာတမ်းကိုဖတ်ကြားရာ စာရေးဆရာမ ဒေါ်နုနုကြည်(အမေ့အိမ်)က စာတမ်းအပေါ် အကဲဖြတ်ဆွေးနွေးသည်။ ထို့နောက် စာတမ်းရှင် ဦးငွေးကြွယ်(အောင်ရတနာငွေး)နှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်(မြင့်ဇော်-မျက်မှန်)တို့က Community Centre အတွက် အလှူငွေကျပ် ၅၀၀၀၀ စီ၊ မြို့နယ်စာရေးဆရာအသင်းအတွက် ငွေကျပ် ၅၀၀၀၀ စီကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် စာပေမိတ်ဆွေများက စာတမ်းရှင်အား အမှတ်တရလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။ (၀၉၃)

## ပခုက္ကူဦးအုန်းဖေ စာပေဆုရှင်၏ "ဆီကိုရေချိုး" စာအုပ်မိတ်ဆက်ပွဲကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၂၆**

စာရေးဆရာမကြီး နွေးထွေး(ပုသိမ်ကြီး)၊ ခင်သိန်း (ညောင်ဦး) ပခုက္ကူဦးအုန်းဖေ စာပေဆုရှင်၏ "ဆီကိုရေချိုး" စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု တောင်သူ ဦးမျိုးသန့်၏ ကွင်းအမှတ်(၅၀၃)၊ ဧက(၁၀၀)စံပြစိုက်ကွင်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မန္တလေးမြို့မှ စာရေးဆရာများ တက်ရောက်ကြသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းနာယက ဆရာကြီး မာဃိန္ဒ(ပုသိမ်ကြီး)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)နှင့် စာရေးဆရာကြီးများက မုဒိတာစကား ပြောကြားကြသည်။ ထို့နောက် တောင်သူကြီး ဦးမျိုးသန့် (မျိုးမြန်မာ စိုက်ပျိုးထုတ်လုပ်ရေး)က တက်ရောက်လာသည့် စာရေးဆရာကြီးများအား နွေးထွေး(ပုသိမ်ကြီး) ရေးသားသည့် ဆီကိုရေချိုး စာအုပ် ၆၀ ဝယ်ယူ၍ စာရေးဆရာများအား တစ်ဦးတစ်အုပ်နှုန်းနှင့် ဆန် ရှစ်ပြည်အိတ် တစ်အိတ်စီ မေတ္တာလက်ဆောင်ပေးအပ်သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များသို့ စာမူရှင်က စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## စံပြမူလတန်းလွန်ကျောင်း၌ အားကစားဆိုင်ရာများ အသိပညာပေးဟောပြော

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားဆိုင်ရာ လူငယ် အသိပညာပေး ဟောပြောပွဲများကို အခြေခံပညာကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက စံပြရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုလတ်က အားကစားဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဖြူက အားကစားနှင့်ပညာရေးပေါင်းစပ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စံပြမူလတန်းလွန်ကျောင်းအတွက် အားကစားပစ္စည်းများကို မြို့နယ်အားကစားမှူးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ၎င်းနောက် နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်းနှင့်အဖွဲ့က Physical Fitness Dance အကကို သရုပ်ပြသခဲ့ကြပြီး အဆိုပါအသိပညာပေး ဟောပြောပွဲသို့ မြို့နယ်အားကစားမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

(၄၅၆)

၀-၀-၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## အပ္ပမာဒေန သမ္ပာဒေထ

* ပင်ကိုစိတ်ရင်း
သဘောရင်းကား
မကောင်းမှုမှာ
မွေ့ပျော်တာမို့
ဘယ်ဟာ ကုသိုလ်
အကုသိုလ်ဟု
ခွဲခြားအမှန်
မသိပြန်တော့၊
အမြဲထင်လင်း
အကုသိုလ်အဆင်း၊
ရစ်အုပ်၊ မတ်အုပ်
မောဟအုပ်တော့
ဝင့်ဆင်းရဲထဲ
တဝဲဝဲ····။

* မောဟ အအုပ်
ဖြတ်တောက်ဖို့ကား
သစ္စာလေးပါး
မြတ်တရားကို
ပိုင်းခြားထင်ထင်
အမှန်မြင်ပြီး
အပ္ပမာဒ
မမေ့ကြမှ
သံသရာစက်
တကယ်ရပ်မည်
သံသရာမှ လွတ်ကြောင်းတည်း ။ ။

**စိုးဝင်း(ဆ·သ·ရ)**



## သဘာဝဘေးအန္တရာယ်များဖြစ်ပွားပေါ်ပေါက်ပါက တုံ့ပြန်ဆောင်ရွက်ရန် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များ အသင့်စုဖွဲ့လေ့ကျင့်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၆** မိုးလေဝသသတိပေးချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်း မုန်တိုင်းရာဂါဆာသည် အနောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းစွန်း ဒေသအနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားရှိပြီး ထိုဖြစ်စဉ်များကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နေရာစိပ်စိပ်မိုးရွာသွန်းခြင်း၊ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခြင်းများဖြစ်ပေါ်နိုင်ကာ မိုးကြီးနိုင်ကြောင်း ထုတ်ပြန်ထားသည်။



မိုးလေဝသထုတ်ပြန်ချက်များနှင့်အညီ မန္တလေးခရိုင်အတွင်း မိုးကြီးခြင်းနှင့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များက စက်တင်ဘာ ၂၃ရက်မှစ၍ အသင့်စုဖွဲ့လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(ဝဲပုံ)(၀၄၅)



## မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဆွေးနွေးဟောပြော

**ပွင့်ဖြူ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာနက ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက စံပြကျေးရွာ ရွာလယ်မွှာရုံ၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်က မီးဘေးလုံခြုံစေရေးအတွက် ဆင်ခြင်သတိပြုရမည့် အချက်များနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပေါ့ဆမှုကြောင့် မီးလောင်မှုများ မဖြစ်ပေါ်စေရေး သတိမူရမည့်အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နှစ်လုံးထီ လောင်းကစားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၌ နှစ်လုံးထီ လောင်းကစားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။ **(အောက်ပုံ)**



ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာနေ ခင်မောင်ချင်း(၄၈)နှစ်၏နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အောင်လံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ရှေ့ရှိ သစ်သားတန်းလျားခုံပေါ်၌ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၄၃၀၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်မောင်ချင်းအား ကိုးပင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ဓားဦးချွန်နှင့်ဓားမကိုင်ဆောင်၍ ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ကျိုင်းတုံ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၌ ဓားဦးချွန်နှင့် ဓားမကိုင်ဆောင်ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့နယ်၊ ဝေါ်ခုတ်ကျေးရွာလမ်းပေါ်အရောက်၌ အဆိုပါကျေးရွာနေ ဉာဏ်အောင် (၃၇)နှစ်သည် အရက်သေစာ သောက်စားမူးယစ်ပြီး အရိုး၊ အသွား ၂၂ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့် အရိုး၊ အသွား လက်မ ၂၀ ခန့်ရှိ ဓားမ တစ်ချောင်းတို့အား ကိုင်ဆောင်၍ ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဉာဏ်အောင်အား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**မော်လမြိုင် စက်တင်ဘာ ၂၆**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက်က မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် မော်လမြိုင်မြို့နယ်၊ ဖက်တန်းရပ်ကွက်နေ ထွန်းထွန်းခိုင် (၄၈)နှစ်၊ ရုံးကြီးရပ်ကွက်နေ သိန်းရွှေ(၃၀)နှစ်နှင့် သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ (ဃ)ရပ်ကွက်နေ အောင်ထက် (၂၈)နှစ်တို့အား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သနှင့် ထွန်းထွန်းခိုင် ပါ သုံးဦးအား သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကျိုင်းတုံ စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာအုပ်စု၊ ကျိုင်းဖောင်းကျေးရွာအနီး၌ မိုင်းပျဉ်းမြို့မှ ကျိုင်းတုံမြို့ဘက်သို့ ရှမ်းပြည်နယ်၊ တုံတာမြို့နယ်၊ ပန်မတ်ကျေးရွာနေ ရဲလင်းထိုက်(၃၅)နှစ် မောင်းနှင်ပြီး တုံတာမြို့နယ်၊ ပန်ပြင်ကျေးရွာနေ ကျလားရှဲ(ခ)ကျလား(၂၉)နှစ် လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ၎င်းတို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ အား ဖမ်းဆီးရမိသဖြင့် ရဲလင်းထိုက်နှင့် ကျလားရှဲ(ခ)ကျလားတို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်း လဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# သမိုင်းဝင်အရိပ်မထွက်(ရန်အရိပ်-ရန်နိမိတ်မထွက်) ဆုတောင်းပြည့်စေတီတော်

**'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် အရိပ်မထွက်(ရန်အရိပ်-ရန်နိမိတ်မထွက်)ဆုတောင်းပြည့်စေတီတော်ကြီးသည် ၁၃၈၆ ခုနှစ်၊ တပေါင်းလကွယ်၊ (၂၈-၃-၂၀၂၅)ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရပါသည်။ ကျန် သာသနိကအဆောက်အအုံများလည်း ပျက်စီးခဲ့ပါသည်။

စေတီတော်ကြီး၏ သမိုင်းကြောင်းမှာ တကောင်းခေတ်ကဟု ဆိုရပါလိမ့်မည်။ တကောင်းမြို့သည်-

(၁) ကကုသန်ဘုရားရှင်လက်ထက်က - သံသယပူရမြို့၊

(၂) ကောဏာဂုံဘုရားရှင်လက်ထက်က- ရဋ္ဌပူရမြို့၊

(၃) ကဿပဘုရားရှင်လက်ထက်က- သက်ဿ၊ သဃ်ဿ၊ စဲင်ကျာ၊ သင်းတွဲပူရမြို့ဟူ၍ လည်းကောင်း၊

(၄) ဂေါတမဘုရားရှင်လက်ထက်က- ပဉ္စာတကောင်းဟူ၍ လည်းကောင်း။

ပွင့်တော်မူပြီးသော ဘုရားရှင်များ၏ လက်ထက်တော်တွင် သံသယပူရ၊ ရဋ္ဌပူရ၊ သက်ဿ၊ သဃ်ဿ၊ စဲင်ကျာ၊ သင်းတွဲပူရ)၊ ပဉ္စာတကောင်း(တကောင်း)ဟု လေးမည်တွင်ခဲ့သော မြို့ဖြစ်သည်။ တကောင်းခေတ်သည် ပုဂံခေတ် အလယ်ပိုင်း၊ ခရစ်နှစ် (၁၂)ရာစုထက် စောပါသည်။

ကောလိယပြည်၊ ဒေဝဒဟပြည်၊ ကပိလဝတ်ပြည်တို့ သုံးပြည်ထောင်ပျက်သောအခါ ကပိလဝတ်ပြည်မှ အဘိရာဇာနှင့် သကျသာကီဝင်မင်းသည် ဗိုလ်ခြေများစွာဖြင့် မဇ္ဈိမဒေသမှ ထွက်ခွာလာခဲ့သည်။ ထို့နောက် သဃ်ဿ(သင်းတွဲပူရ)ကို တည်ထောင်ခဲ့သည်။

ထိုမင်းလက်ထက်၏ အိမ်ရှေ့ဥပရာဇာမင်းနှစ်ပါးနှင့် အာကာဝဏ္ဏဗလေဟိ၊ အာကာဗလ၊ ဝဏ္ဏဗလအမည်ရှိ စစ်သူကြီးသုံးဦးတို့က မြတ်ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကို ဌာပနာအပ်၍ အရိပ်မထွက်စေတီတော်မြတ်ကြီးကို တည်တော်မူခဲ့သည်။ အများပြည်သူ ကိုးကွယ်နိုင်စေရန်ဖြစ်သည်။

အဘိရာဇာမင်းတည်ထောင်သော တကောင်းပြည်တွင် မင်းဆက်ပေါင်း ၃၃ပါး(သုံးကျိပ်သုံးယောက်)၊ သားစဉ်မြေးဆက်အုပ်ချုပ်ခဲ့ရာ နှစ်ပေါင်း ၃၆၄ နှစ်ကြာခဲ့သည်။ ခရစ်မပေါ်မီ ၄၈၄ မှ ၁၂၀ အထိဖြစ်သည်။ ၃၃ ဆက်မြောက် ဘိန္နကမင်းလက်ထက်တွင် မွန်ဂိုတို့က ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် ပထမတကောင်းခေတ်ပျက်သုဉ်းခဲ့ရသည်။ ပထမတကောင်းကို သက်ဿရဋ္ဌ၊ သဃ်ဿရဋ္ဌ၊ သင်းတွဲပူရဟု သမိုင်းတွင် တွေ့ရသည်။ ဘီစီ ခြောက်ရာစုခန့်က မြို့ရွာတည်ထောင်မှု စခဲ့သည်ဟု ယူဆရသည်။

ပထမတကောင်းပျက်ပြီးနောက် ကြားကာလကိုးနှစ်မျှ မင်းဆက်ပြတ်သွားသည်။ ဖြစ်စဉ်မှာ တကောင်းမင်း၏ မိဖုရား လှစန္ဒီ(သဒ္ဒါနဝတီ)သည် ချစ်သူနဂါးမင်းနှင့် ဖောက်ပြန်နေသည်။ နန်းတက်လာသော မင်းမှန်သမျှ ညအချိန် နဂါးက ပေါက်သတ်သည့်အတွက် မင်းဆက်ပြတ်နေ





ရခြင်းဖြစ်သည်။ နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းတက်လာမှ မင်းဆက်ပြန်လည်တည်မြဲလာခြင်းဖြစ်သည်။ သတိုးဇမ္ဗူဒီပဓဇရာဇာဘွဲ့ ခံယူသည်။ ရှေးသက်ဿရဋ္ဌ တကောင်းပြည်ကြီးကိုလည်း ပဉ္စာတကောင်းဟူ၍ သမုတ်တော်မူသည်။

မင်းဆက်ပေါင်း (၁၇)ဆက် စိုးစံခဲ့သည်။ ခရစ်နှစ်မပေါ်မီ ၁၁၁ နှစ် ၆၉ ထိ အုပ်ချုပ်ခဲ့သည်။ ပထမတကောင်းပြည်နှင့် ဒုတိယတကောင်း၊ မင်းဆက်ပေါင်း ၅၀ စိုးစံခဲ့သည်။ ဒုတိယတကောင်းမင်းဆက်သည်-

(၁) သတိုးဇမ္ဗူဒီပဓဇမင်း၊ (၂) သတိုးတိုင်းရမင်း၊ (၃) သတိုးရထားရမင်း၊ (၄) သတိုးတံခွန်ရမင်း၊ (၅) သတိုးလုံ့ပျံရမင်း၊ (၆) သတိုးရွှေမင်း၊ (၇) သတိုးဂဠုန်ရမင်း၊ (၈) သတိုးနဂါးရမင်း၊ (၉) သတိုးနဂါးနိုင်မင်း၊ (၁၀) သတိုးဟောလာမင်း၊ (၁၁) သတိုးပေါင်ရှည်မင်း၊ (၁၂)သတိုးကျောက်ရှည်မင်း၊ (၁၃) သတိုးဆင်လောက်မင်း၊ (၁၄)သတိုးဆင်ထိန်းမင်း၊ (၁၅) သတိုးတိုင်းချစ်မင်း၊ (၁၆) သတိုးမင်းကြီးမင်းနှင့် (၁၇) သတိုးမဟာရာဇာမင်းတို့ ဖြစ်သည်။ သားစဉ်မြေးဆက် အစဉ်အတိုင်း မင်းပြုကြသည်။ သို့သော်လည်း နတ်၊ မိစ္ဆာ၊ ဘီလူး၊ ရက္ခိုသ်၊ မြွေ၊ နဂါးတို့၏ နှောင့်ယှက်မှုကြောင့် နန်းသက်ရှည်စွာ မစိုးစံရ။

မင်းဆက်(၁၆)ဆက်မြောက် သတိုးမင်းကြီးမင်း(သတိုးခုစ္စနဝမင်း)လက်ထက် အာကာဗလစစ်သူကြီး အမတ်သည် တိုင်းပြည်အနှံ့ လှည့်လည်၍ ကြပ်မတ်ဆောင်ရွက်သည်။ မိမိသွားလေရာ တိုင်း အမြဲတမ်း တပ်ဦးတွင် ဘုရားရှင်၏ ရုပ်ပွားတော်ကို ပင့်ဆောင်ကိုးကွယ်သည်။ ရတနာပုံ မင်းနေပြည် မတည်မီကာလ ယခုမန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်တွင် ခေတ္တတပ်စခန်းချ၍ နားသည်။

၁။ ဘုရားရှင်၏ ရုပ်ပွားတော်မှ ဓာတ်တော်၊ မွေတော်တို့သည် မဉ္ဇဋ္ဌိ၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ ပဘဿရခြောက်ဖြာသော ရောင်ခြည်တော် ကွန့်မြူးသည်။ ထိုအခါ စစ်သူကြီး အာကာဗလသည် အများပြည်သူ ကိုးကွယ်ရန် စေတီတည်ထားအပ်သော အရပ်ဟု မိမိကိုးကွယ်သော ဘုရားရှင်၏ ရုပ်ပွားတော်အား စေတီတည်၍ ဌာပနာအပ်သည်။

စစ်သူကြီး အာကာဗလသည် အိမ်ရှေ့ဥပရာဇာမင်းနှစ်ပါးနှင့် စစ်သူကြီး အာကာဝဏ္ဏဗလေဟိ၊ ဝဏ္ဏဗလတို့နှင့်အတူ တိုင်းပြည်တွင် ပုန်ကန်သည့် သူပုန်၊ နတ်၊ မိစ္ဆာ၊ ဘီလူး၊ မကောင်းဆိုးဝါးတို့၏ ရန်အရိပ်၊ ရန်နိမိတ်မထွက်၊ အေးချမ်းသာယာသော နိုင်ငံဖြစ်ပါစေသားဟု အဓိဋ္ဌာန်ပြု၍ ရေစက်သွန်းချ လှူဒါန်းခဲ့သည်။ 'ရန်အရိပ်၊ ရန်နိမိတ် မထွက်' စေသည့် အရိပ်မထွက်ဘုရားဟု သစ္စာပြု၍ တည်ထားခဲ့သည်။ ဘွဲ့တော်သတ်မှတ်ခဲ့သည်။ အရိပ်မထွက်ဘုရား၏ ပထမဘုရားဒါယကာဖြစ်သည်။

၂။ သာသနာခေတ် ၃၂ အရောက်တွင် သတိုးမင်း၏ သားကြီး ဥပရာဇာသည် အရိပ်မထွက်စေတီအား ရွှေထီးထပ်ဆင့်၍ ကုသိုလ်ပွားသည်။ ဒုတိယအကြိမ်မြောက်ဖြစ်သည်။

၃။ သာသနာနှစ်(၄၀)ခေတ်တွင် မင်းဆက် (၁၇)ဆက်မြောက် မဟာရာဇာမင်းကြီး နန်းသက် (၁၂)နှစ်၊ သာသနာတော်သက္ကရာဇ် (၃၂)နှစ်အရောက် တကောင်းမိဖုရားတွင် သားတော်မထွန်းကား၍ ယောက်ဖတော်အား အိမ်ရှေ့ဥပရာဇာအရာပေးအပ်သည်။ ထိုစဉ် တိုင်းပြည်တွင် ဝက်ကြီးတစ်ကောင် သောင်းကျန်းသည်။ အိမ်ရှေ့ဥပရာဇာ ခေပဒူတက အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သည်။ ဝက်ကြီးရန် နှိမ်နင်းအပြီး အိမ်ရှေ့စံ ခေပဒူတသည် ရသေ့ဝတ်သွားခဲ့သည်။ ရသေ့ကြီးသည် အရိပ်မထွက်စေတီတော်အား ကြည်ညိုသဒ္ဓါပွားများလွန်းကာ တတိယမြောက် တိုးမြှင့်ပြန်သည်။

၄။ သက္ကရာဇ် ၄၂၆ တွင် ပေါက္ကံပြည်ရှင် ကျန်စစ်မင်းသည်လည်း အရိပ်မထွက်စေတီတော်အား လေးကြိမ်မြောက် ထပ်လောင်းပူဇော်ပြန်ပါသည်။

၅။ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် အမရပူရမြို့တွင် ထီးနန်းစိုးစံတော်မူသော ဘိုးတော်မင်းတရားကြီး၏ သားတော်ကြီး အိမ်ရှေ့ဥပရာဇာ သီရိမဟာဓမ္မာဘိ ဓေယျသူရသည်လည်း အရိပ်မထွက်စေတီတော်ကြီးအား ငါးကြိမ်မြောက် ကုသိုလ်ရှင်အဖြစ် ထပ်မံ မွမ်းမံပြုပြင်ပြန်ပါသည်။

၆။ ကုန်းဘောင်မင်းဆက် (၁၀)ဆက်မြောက် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါက လက်ယာဝင်းတော်မှူး သတိုးမင်းကြီး မဟာသမိန်ဘောဖြတ်စ သည်လည်း အဌမမြောက် အလှူရှင်ဖြစ်သည်။

၇။ သက္ကရာဇ် ၁၂၅၃ ခုနှစ် သီပေါအုန်းဘောင် မဟာရာဇာစော်ဘွားကြီး၏ အမတ်ကြီးဟော်ရွက်နှင့် ကုန်သည်တို့ကလည်း သတ္တမမြောက် ကုသိုလ်ယူကြပြန်သည်။ စေတီတော်၏ သပိတ်မှောက်ထိ ရွှေနာယကာတို့ဖြင့် မွမ်းမံ၍ ရွှေထီးအသစ်လှူပြန်သည်။

၈။ ၁၂၇၅ ခုနှစ်တွင် မြေငလျင်ကြီးစွာ တုန်လှုပ်၍ ပျက်စီးသွားသော စေတီမြတ်အား အမရဌာနီ သမ္မဝါဒကုလပုတ္တ အမျိုးသားတို့က စေတီတော်အား ပထမဘောင်းရစ်ကစ၍ ထပ်ဆင့်တိုး၍ တည်ထားပြန်သည်။ အဌမမြောက် အလှူရှင်ဖြစ်သည်။

၉။ ၁၂၉၃ ခုနှစ်တွင် ကန်ထရိုက်ကြီး ဦးလှတင့်နှင့် ဇနီး ဒေါ်ချူတို့က ထီးတော်အသစ် တင်လှူသည်။

၁၀။ သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ဆန်ပွဲစားကြီး ဦးမောင်ကို၊ ပွဲကတော် ဒေါ်သိန်းသိန်း၊ (သား)မောင်တင်မြင့်တို့က အရိပ်မထွက်ဘုရားကို အသစ်ပြုပြင်ကြပါသည်။

အရိပ်မထွက် ဆုတောင်းပြည့်စေတီတော်ကြီးသည် သဘာဝငလျင်ဘေးဒဏ် သုံးကြိမ်ခံခဲ့ရပါသည်။ ၁၂၇၅ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ယခု ၂၀၂၅ ခုနှစ်တွင် တတိယအကြိမ် ခံစားခဲ့ရပါသည်။ စေတီတော်မှာ ပြိုကျပျက်စီးခဲ့ရပါသည်။ ကျန်သာသနိကအဆောက်အအုံများလည်း ပြိုကျပျက်စီးခဲ့ပါသည်။ (၁-၇-၂၀၂၅)ရက်မှစ၍ ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံတွင် အလှူခံဖွင့်၍ အလှူခံရာ သိန်း ၇၀၀ ကျော် ရရှိပြီးဖြစ်သော်လည်း အလုံးစုံပြုပြင်နိုင်ရန် ငွေကြေးလိုအပ်ပါသေးသည်။

အရိပ်မထွက်စေတီတော်သည် ပုဂံခေတ်၊ ကုန်းဘောင်ခေတ်တို့ထက်စောသော တကောင်းခေတ်၏ အမွေအနှစ် ရှေးဟောင်းသမိုင်းဝင်ရှားပါးစေတီတော်ဖြစ်ပါသည်။ အရိပ်မထွက်စေတီတော်ဟု ဆိုသော်ငြားလည်း အရှေ့အရပ်မှ နေထွက်ပါက စေတီတော်၏အရိပ်သည် စေတီတော်၏နောက်တွင် အရိပ်ပေါ်ပါသည်။ အနောက်နေဝင်ခါနီးပါက စေတီတော်၏အရိပ်သည် စေတီ၏ အရှေ့တွင် အရိပ်ပေါ်ပါသည်။

တိုင်းပြည်အပေါ် ပြည်သူ၊ ပြည်သားများအပေါ် ရန်သူ၏အရိပ်၊ ရန်သူ၏ နိမိတ်မထွက်စေ၊ မကျရောက်စေသည့် ဆုတောင်းပြည့်စေတီတော်အဖြစ် ဘုရားဒါယကာ၊ ဒါယိကာမတို့က အဓိဋ္ဌာန်ပြု၍ တည်ထားအပ်သော စေတီတော်ဖြစ်သည်။ ထို့ကြောင့် မိမိတို့အပေါ် ကျရောက်နေသည့် ဘေးဥပဒ်အန္တရာယ်များရှိပါက ပြေပျောက်စေရန် အရိပ်မထွက်စေတီတော်တွင် ကန်တော့ပွဲ၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် လာရောက်ပူဇော်ကြသည်။ အရိပ်မထွက်ဘုရားဝင်းအတွင်း၌လည်း စေတီတည်စဉ်ကရှိသည့် မယ်ယကျွထံတွင်လည်း ဆုတောင်းပြည့်၍ လာရောက်တင်သထားသည့် ကန်တော့ပွဲများမှာလည်း မနည်းမနော။

နိဂုံးချုပ်အနေနှင့် အလွန်ရှေးကျသော စေတီတော်၊ ရန်အရိပ်၊ ရန်နိမိတ် ပြေပျောက်သော စေတီတော်အား အသစ်တစ်ဖန် ပြန်လည်ပူဇော်နိုင်ဖို့ လှူဒါန်းကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**နုနုကြည်(အမေ့အိမ်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ကွင်းအမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၂၃)၊ ဧရိယာ (၀ ဒသမ ၀၂၇၅) ဧကရှိ ဒေါ်ရွှေရှမ်း အမည်ပေါက်သော မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် မင်္ဂလာပတ္တမြားအိမ်ရာ (A-26)၊ အာရ်စီ(၃)ထပ် အဆောက်အအုံ အကျယ်အဝန်း(၂၈၂၃ စတုရန်းပေ)(20'x60')ရှိသော မြေကွက်နှင့် အဆောက်အအုံပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား ဒေါ်ရွှေ ရှမ်း(၉/မရတ(နိုင်)၁၀၆၇၂၇)မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ဝန်ခံ ကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည့်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန်းသန်းနု (စဉ်–၁၃၀၆၂/၂၀၁၇) တရားလွှတ်တော်ရှေ့နေ**
**(ခ–၄၁၆)၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၄၄၀၃၇၁၆၂၊ ၀၉–၂၅၈၄၂၅၈၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊အကွက်အမှတ်(ဆ-၄)၊ ဦးပိုင်နံပါတ်(၁၂၈)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးမြပာန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းဇော်ဟိန်း(ဘ)ဦးလှအေး (၅/ယမပ(နိုင်)၀၅၁၄၅၀)နှင့် ဒေါ်သန္တာစိုး(ဘ)ဦးဝင်းနိုင်စိုး(၅/ရဘန(နိုင်)၁၄၇၄၃၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြို့ပြင်ကြီးကျေးရွာရှိ အရှေ့ဘက်တွင် တောင် မြောက်အကျယ် (၃၃)ပေ၊ အနောက်ဘက်တွင် တောင်မြောက်အကျယ်(၃၂ ဒသမ ၆)ပေ၊ တောင် ဘက်တွင် အရှေ့အနောက်(၄၆ ဒသမ ၆)ပေ၊ မြောက်ဘက်တွင် အရှေ့အနောက်အကျယ် (၄၉)ပေ အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၂-၅-၂၀၂၂)ရက်မှစ၍ မြို့ပြင်ကြီးကျေးရွာ၊ ဒေါ်သန်းနု(၉/အမရ(နိုင်)၀၁၆၅၅၈)ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်အထိ ဒေါက်တာတင်တင်ဝင်း(၉/အမရ(နိုင်)၁၂၈၉၃၆)မှ လက်ရှိပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်။ အဆိုပါ ပိုင်းမြေအား ဒေါက်တာတင်တင်ဝင်းမှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော မြေဖြစ်ပါသည်။ အဆိုပါမြေမှာ အရှေ့လားသော် လမ်းမြေအစပ်၊ အနောက်လားသော် ဦးမြင့်သန်း ပိုင်းမြေအစပ်၊ တောင်လားသော် ဦးတင်ဝင်း ပိုင်းမြေအစပ်၊ မြောက်လားသော် ဦးတင်ဝင်းနှင့် ဦးထွန်းရွှေအစပ် စသည့် နယ်လေးရပ်အတွင်း တည်ရှိသောမြေဖြစ်ပါသည်။ အဆိုပါမြေအား ဒေါက်တာတင်တင်ဝင်း တစ်ဦးတည်းသာ ပိုင်ဆိုင်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက် အထား၊ စာရွက်စာတမ်းမူရင်း၊ စာချုပ်မူရင်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာတင်တင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မီမီကျော် (တရားလွှတ်တော်ရှေ့နေ)**
အမှတ်(၁၉၂)၊ မြို့ပြင်ကြီးကျေးရွာ၊ အမရပူရမြို့နယ်။ ဖုန်း ၀၉–၂၅၆၂၉၄၉၈၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၇)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်နန်းတင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်မြောက်ထောင့် အခြမ်း(၃၅ပေ×ပေ၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှမြင့်(ဘ)ဦးတင်လှ(၉/မနတ(နိုင်)၀၇၈၆၇၈)ထံမှ ကျွန်ုပ် တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၅)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးဝင်းသောင် အမည်ဖြင့်ရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကိုကြီး(ဘ)ဦးတန်(၅/အတန(နိုင်)၀၀၆၄၀၈)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(စေ–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊အကွက်အမှတ်(မမ-၂၃)၊ ဦးပိုင်နံပါတ်(၄၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မဗိုလ်မ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို ဝန်ခံကတိပြုသူ ဒေါ်ငွေငွေအောင်(ဘ)ဦးမြင့်မောင်(၉/ခမစ(နိုင်)၀၀၄၂၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင် အမှတ်(၈)မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိ စာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးချမ်းသာ(ဘ)ဦးတင်မြင့်(၅/မမတ(နိုင်)၀၄၂၉၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(စေ–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်နိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက် ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်လေး(ဘ)ဦးဘဆွေ(၉/ခမစ(နိုင်) ၀၀၅၂၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာစီမံကိန်း(၄)ခန်းတွဲ(၆)ထပ်၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၄၇)၊ အခန်းအမှတ်(၄) မြေညီထပ်တိုက်ခန်းသည် ဦးသန့်ဇင်(ဘ)ဦးတင်စိုး(၉/မနမ(နိုင်)၀၉၇၈၈၇) ကိုင်ဆောင်သူ အမည်ပေါက်တိုက်ခန်းဖြစ်ပါသည်။ တိုက်ခန်းအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းစွမ်ခေး(ဘ)ဦးစိုင်းစံထွန်း(၁၃/နခန(နိုင်)၀၆၂၉၁၉)က အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် ခဲ့ပြီး ယခုအခါ အဆိုပါတိုက်ခန်းအား အမည်ပြောင်းလျှောက်ထားခြင်းများ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးစိုင်းစွမ်ခေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဖဖ–၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၇၉၇၄၅၁၀၁၁**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးသိန်းဌေး၏သား မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီး သင် အထက်တန်းကျောင်း Grade-12 မှ မောင်ဉာဏ်ဝင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ (၂၃-၉-၂၀၀၅) ဖြစ်ပါကြောင်း။

**မောင်ဉာဏ်ဝင်းထက်**
**(၂၃-၉-၂၀၀၅)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၀)၊ ဦးပိုင်အမှတ်(၁၉)၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ ၁၁၅လမ်းနှင့်၁၁၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဌေး(၉/အမဇ(နိုင်) ၀၀၀၂၉၆)က သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန် ပျောက်ဆုံးသည်"ဟု လျှောက်ထားလာသဖြင့် လက်ခံဂရန်နှင့်စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ "ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်" ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် နှင့် ပျောက်ဆုံးသွားသော ဦးမြင့်ဌေး အမည်ပေါက် ဂရန်အမှုတွဲအမှတ်(၁၁၄၆/၂၀၁၆-၂၀၁၇)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမွန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော "(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးအတွင်းဝန် Mr. Rajesh Kumar Singh ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးအတွင်းဝန် Mr. Rajesh Kumar Singh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးအတွင်းဝန် Mr. Rajesh Kumar Singh ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## မိုဂူးနှင့် ရင်တာရိုဟားမားတို့၏ သွင်းဂိုးများဖြင့် ရာမညယူနိုက်တက်အသင်းကို ဂိုးမိုးရွာခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်ယူနိုက်တက်အသင်း၏ MNL 2025-26 Week (5) ပွဲစဉ်တစ်ပွဲအဖြစ် ရာမညယူနိုက်တက်အသင်းနှင့် သုဝဏ္ဏာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ခြောက်ဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။





ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့ပွဲစဉ်တွင် ကစားသမားပြောင်းလဲမှုအချို့ ပြုလုပ်ခဲ့ပြီး ရာမညအသင်းအား မနားတမ်း တိုက်စစ်ဆင်ကစားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ရရှိခဲ့ပြီး တိုက်စစ်ကစားသမား မိုဂူးက ဗေးယာထဲ၌ ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၄၃ မိနစ်တွင် ရန်ကုန်အသင်း ကွင်းလယ်ကစားသမား အိုတိုဆိုင်တို၏ ဆွဲပြေးမှုကို ရာမညနောက်ခံလူက ဗေးယာအတွင်းဖျက်ထုတ်ပုံကြမ်းတမ်းသဖြင့် ရန်ကုန်အသင်းက ပင်နယ်တီရရှိခဲ့သည်။ ထို့ပင်နယ်တီကို အဖွင့်ဂိုးရှင် မိုဂူးက အဆုံးသတ်ပေးခဲ့ပြီး ပထမပိုင်းကို ရန်ကုန်အသင်းက ရာမညအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက တိုက်စစ်အားပိုမိုမြှင့်တင်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် မိုဂူးက ၎င်း၏ ဟက်ထရစ်ဂိုးအား ရန်ကုန်အသင်းအတွက် သွင်းယူပေးခဲ့သည်။ ထို့နောက် ရန်ကုန်အသင်းက ၅၆ မိနစ်နှင့် ၆၂ မိနစ်တို့တွင် စတုတ္ထဦးဆောင်ဂိုးနှင့် ပဉ္စမဦးဆောင်ဂိုးများ ဆက်တိုက်ရရှိခဲ့ပြီး တိုက်စစ်ကစားသမား မိုဂူးကပင် ထပ်မံသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် ဆဋ္ဌမမြောက် ပွဲသိမ်းအနိုင်ဂိုးကို မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ၂ မိနစ်တွင် ရရှိခဲ့ပြီး ရင်တာရိုဟားမားက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် တစ်ဦးထဲသွင်းဂိုး ငါးဂိုးသွင်းယူနိုင်ခဲ့သည့် ရန်ကုန်အသင်း တိုက်စစ်ကစားသမား မိုဂူးက ပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ရှိတွင် (၅)ပွဲကစား (၄)ပွဲနိုင်၊ (၁)ပွဲရှုံးရလဒ်ဖြင့် အဆင့်(၁)နေရာတွင် ယာယီရပ်တည်လျက်ရှိနေပြီး လာမည့် အောက်တိုဘာ ၁၉ ရက်တွင် ဒဂုံပေါ်အသင်းနှင့် သုဝဏ္ဏာကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀